# လူမျိုးရေးပဋိပက္ခများ
# စစ်အာဏာတည်မြဲရေးအတွက် မောင်းနှင်အားတရပ်



ဉာဏ်လင်းသစ်သုတေသနအဖွဲ့သည် နိုင်ငံရေးနှင့် လူမှုဖြစ်စဉ်များကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာနေသောအရပ်ဘက်သုတေသနအဖွဲ့အစည်းတခုဖြစ်သည်။

NLTA

NYAN LYNN THIT ANALYTICA

# မာတိကာ


သုတေသနနည်းနာ ....................................................................................................၅
အစီရင်ခံစာအကျဉ်း ..................................................................................................၆
၁။ ရှမ်း(မြောက်)ရှိ လူမျိုးစုတော်လှန်ရေး အဖွဲ့များအကြား ပွတ်တိုက်မှုများ..................၉
၁.၁ မူဆယ်မြို့နယ်တွင် ဖြစ်ပွားခဲ့သော လူမျိုးစုတော်လှန်ရေးအင်အားစုများကြား ပွတ်တိုက်မှုများ.......................................................................................၁၀
၁.၂ ကွတ်ခိုင်မြို့နယ်တွင် ဖြစ်ပွားခဲ့သော လူမျိုးစုတော်လှန်ရေးအဖွဲ့များကြား ပွတ်တိုက်မှုများ.......................................................................................၁၁
၁.၃ နမ့်ခမ်းမြို့နယ်တွင် ဖြစ်ပွားခဲ့သော တအောင်းတော်လှန်ရေးအဖွဲ့နှင့် ရှမ်း တော်လှန်ရေးအဖွဲ့အကြား ပွတ်တိုက်မှုများ................................................၁၂
၁.၄။ စစ်အုပ်စု၏ အသုံးချမှုများ .........................................................................၁၃
၂။ ချင်း၊ ပလက်ဝဒေသရှိ ပွတ်တိုက်မှုများ ...........................................................၁၆
၂.၁။ စစ်အုပ်စု၏ အသုံးချမှုများ.........................................................................၁၈
၃။ အာရက္ခတပ်တော်နှင့် ရိုဟင်ဂျာများကြား ပွတ်တိုက်မှုများ ....................................၂၀
၃.၁။ စစ်အုပ်စု၏ အသုံးချမှုများ ....................................................................... ၂၂
၄။ ဗမာ၊ ဗုဒ္ဓဘာသာကို အခြေပြုသောဖြစ်စဉ်များ.....................................................၂၅
၄.၁။ ရှမ်း(မြောက်)၊ လောက်ကိုင်ဒေသရှိ လူမျိုးရေး၊ ဘာသာရေး ဖြစ်စဉ်များ..........၂၅
၄.၂။ စစ်အုပ်စု၏ အသုံးချမှုများ.........................................................................၂၇
၄.၃။ ရခိုင်၊ ကျောက်တော်ဒေသရှိ ရခိုင်-ဗမာ လူမျိုးရေး.........................................၃၀
၄.၄။ စစ်အုပ်စု၏ အသုံးချမှုများ .......................................................................၃၂
၅။ နိဂုံး ...........................................................................................................၃၄
ရည်ညွှန်းအကိုးအကား ........................................................................................၃၆

# သုတေသနနည်းနာ

သတင်းမီဒီယာများမှ ဖော်ပြသော မြေပြင်တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် ဉာဏ်လင်းသစ်သုတေသနအဖွဲ့မှ စောင့်ကြည့်မှတ်တမ်းတင်ထားသည့် စစ်အုပ်စု ထောက်ခံ တယ်လီဂရမ်ချန်နယ်များတွင် ဖော်ပြသော လှုံ့ဆော်ဝါဒဖြန့်ချိမှုများအပေါ် အခြေခံကာ အရည်အသွေးအခြေပြုသုတေသနနည်းလမ်းဖြင့် ဤစာတမ်းကို ပြုစု ရေးသားထားပါသည်။ ထိုသို့သရုပ်ခွဲလေ့လာရာတွင် ဖြစ်ပေါ်ခဲ့သောဖြစ်စဉ်များနှင့် စစ်အုပ်စု၏ အသုံးချမှုများ အဖြစ် ခွဲခြမ်းဖော်ပြသွားမည် ဖြစ်ပါသည်။

# အစီရင်ခံစာအကျဉ်း

ညီနောင်မဟာမိတ် ၃ ဖွဲ့ဖြစ်သည့် မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (Myanmar National Democratic Alliance Army - MNDAA)၊ တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (Ta'ang National Liberation Army - TNLA)၊ အာရက္ခတပ်တော် (Arakan Army - AA) နှင့် မဟာမိတ်တပ်များသည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်တွင် ၁၀၂၇ စစ်ဆင်ရေးကို စတင်ခဲ့ပြီး ရှမ်းမြောက်ရှိ စစ်ကောင်စီတပ်စခန်းများကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ကြသည်။ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခဖြစ်စေရန် အစဉ်တစိုက် လုပ်ဆောင်လေ့ရှိသော စစ်အုပ်စုသည် ၁၀၂၇ စစ်ဆင်ရေးကြောင့် ထိန်းချုပ်နယ်မြေများကို လက်လွှတ်ဆုံးရှုံးရမှုများရှိလာခဲ့ပြီးနောက် အမုန်းစကားနှင့် ဝါဒဖြန့်ချိမှုများကို အရှိန်မြှင့် လုပ်ဆောင်လာသည်ကို တွေ့ရပါသည်။ အထူးသဖြင့် ရှမ်း(မြောက်)ဒေသနှင့် ရခိုင်ဒေသတို့တွင် လူမျိုးရေး၊ ဘာသာရေးပဋိပက္ခကို ပိုမိုကြီးထွားလာစေရန်ရည်ရွယ်သည့် အမုန်းစကားများနှင့် ဝါဒဖြန့်ချိမှုများကို စစ်အုပ်စုနှင့် ၎င်းတို့ကို ထောက်ခံသည့် တယ်လီဂရမ်ချန်နယ်များတွင် အရှိန်မြှင့် လုပ်ဆောင်လာခဲ့သည်။


ရှမ်း(မြောက်)ဒေသတွင် ညီနောင်မဟာမိတ် ၃ ဖွဲ့မှ စစ်ကောင်စီစခန်းများကို တိုက်ခိုက်ချေမှုန်းပြီး နယ်မြေများသိမ်းပိုက်လာနိုင်ခြင်းမှာ တရုတ်နိုင်ငံ၏ ပါဝင်ပတ်သက်မှုများကြောင့်ဖြစ်ပြီး ဒေသခံရှမ်းလူမျိုးများသည် တရုတ်နွယ်ဝင်လူမျိုးစုများဖြစ်သည့် MNDAA ၏ နယ်မြေကျူးကျော်ခံနေရခြင်းဖြစ်သည်ဟု ပုံဖော်ရေးသားခဲ့ကြပါသည်။ ၁၀၂၇ စစ်ဆင်ရေးနောက်ပိုင်းကာလ မှစတင်၍ စစ်အုပ်စု၏ အမုန်းစကားနှင့် ဝါဒဖြန့်ချိမှုများတွင် လူမျိုးခြား တရုတ်နှင့် တရုတ်နွယ်ဝင်များမှ ဒေသခံရှမ်းလူမျိုးစုများကို ဖိနှိပ်ကာ နယ်မြေကျူးကျော်မှုများလုပ်ဆောင်နေကြောင်း ဖော်ပြရေးသားခဲ့ကြသည်။ ထို့အပြင် ကချင်လွတ်မြောက်ရေးတပ်မတော် (Kachin Independence Army - KIA)၊ MNDAA၊ TNLA နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (Shan State Progress Party - SSPP/ Shan State Army - SSA) အစရှိသည့် လူမျိုးစုတော်လှန်ရေးအဖွဲ့များအကြား ရှိရင်းစွဲ ပဋိပက္ခများကို အသုံးချ၍ လူမျိုးရေးသွေးထိုးလှုံ့ဆော်မှုများကို ပြုလုပ်ခဲ့ကြပါသည်။ အာရက္ခတပ်တော် (Arakan Army - AA) ၏ နယ်မြေသိမ်းတိုက်ပွဲများ ထိုးစစ်ဆင်တိုက်ခိုက်နေစဉ်အတွင်း လူမျိုးစုများအကြား အငြင်းပွားမှုဖြစ်ပေါ်စေရန်အတွက် စစ်အုပ်စုက အမုန်းစကားများနှင့် ဝါဒဖြန့်ချိမှုများ ပြုလုပ်ခဲ့ကြသည်။

ချင်း၊ ပလက်ဝဒေသရှိ ချင်းလူမျိုးများနှင့် AA ကြား အငြင်းပွားမှုများ၊ ချင်းလူမျိုးစုများအတွင်း အချင်းချင်း မပြေလည်မှုများကို ပိုမိုမြင့်တက်လာစေသည့် ဝါဒဖြန့်ချိမှုများ လုပ်ဆောင်ခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။ ထိုနည်းတူ ရခိုင်ဒေသတွင်လည်း ရခိုင်တောင်ပိုင်းနှင့် မြောက်ပိုင်းကွဲပြားမှု၊ ရခိုင်နှင့် အခြားလူမျိုးစုများ (အထူးသဖြင့် ရိုဟင်ဂျာများ) အကြား ပြဿနာများကို အခြေတည်၍ စစ်အုပ်စုကို ထောက်ခံအားပေးသည့် ဝါဒဖြန့်ချိရေးတယ်လီဂရမ်ချန်နယ်များသည် လူမျိုးရေးဘာသာရေး ပဋိပက္ခများကို ပိုမိုရင့်သန်လာစေရန်၊ ရှိရင်းစွဲ ပြဿနာများကို ပိုမိုကြီးထွားလာစေရန် လှုံ့ဆော်ရေးသားမှုများလုပ်ဆောင်သည်ကို တွေ့ရသည်။

အခြားလူမျိုးစုများနှင့် ဗမာလူမျိုးတို့အကြား ပဋိပက္ခဖြစ်စေရန် ရည်ရွယ်၍ လူမျိုးစုတော်လှန်ရေးအင်အားစုများသည် ဗမာ-ဗုဒ္ဓဘာသာများကို ဦးတည်တိုက်ခိုက်နေခြင်းဖြစ်ကြောင်း ဝါဒဖြန့်ဖော်ပြရေးသားမှုများပြုလုပ်ခဲ့ကြသည်။ ရှမ်း(မြောက်)ဒေသရှိ လောက်ကိုင်တွင် “ဗမာမဝင်ရ ဗမာပိုက်ဆံမသုံးရ” ဟု MNDAA က ထုတ်ပြန်ကြောင်းနှင့် ဗမာများ နေထိုင်သည့် အဆောက်အအုံများကို ဖျက်ဆီးကြောင်း ရေးသားဖော်ပြခဲ့ကြသည်။ ထို့အပြင် MNDAA ယူနီဖောင်း ဝတ်ဆင်ထားသူတဦးက စေတီကို တူဖြင့်ထုနက်နေသည့် ရုပ်သံဖိုင်များကို အဓိကထားဖြန့်ဖြူးခဲ့သည်။ တန်ပြန်လှုပ်ရှားမှုများအဖြစ် ဗမာများစည်းလုံးကြရန်လိုအပ်ပြီး လက်စားချေသည့်အနေဖြင့် ဗမာနယ်မြေများတွင် လာရောက်နေထိုင်သည့် ကိုးကန့်များကို ပြန်လည်တုံ့ပြန်သွားရန် လိုအပ်ကြောင်း ဝါဒဖြန့်ချိခဲ့ကြသည်။ အလားတူပင် ရခိုင်၊ ကျောက်တော်တွင် ရေယာဉ်နစ်မြုပ်သဖြင့် ကမ်းသို့ကူးလာသည့် စစ်တပ်မိသားစုဝင်ဗမာများကို AA မှ သတ်ဖြတ်ခဲ့သည်ဟု သတင်းအမှားများကို ဖြန့်ဝေကာ “ရခိုင်မုန့်တီနှင့် ရခိုင်အစားအသောက်များကို ရှောင်ကြဉ်ရန်” လှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြပြီး ရခိုင်-ဗမာ အဓိကရုဏ်းဖြစ်ပွားရေးကိုလည်း ဦးတည်ဖော်ဆောင်ခဲ့သည်။ လူမျိုးစုတော်လှန်ရေးအဖွဲ့များသည် ဗမာအများစုပါဝင်သည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို အသုံးချလျက်ရှိပြီး ဗမာများကို မုန်းတီးသူများ၊ ဗုဒ္ဓဘာသာကို ဖျက်ဆီးလိုသူများဖြစ်သည် ဟူသည့် အတွေးအခေါ်များ ပျံ့နှံ့စေရန် ဖန်တီးခဲ့ကြသည်။ အထူးသဖြင့် လူမျိုးစုတော်လှန်ရေးအင်အားစုများသည် ဗမာဗုဒ္ဓဘာသာဝင်များကို ဦးတည်တိုက်ခိုက်နေသူများအဖြစ်ပုံဖော်၍ ဗမာများစည်းလုံးကြရန်လိုအပ်သည်ဟု လှုံ့ဆော်ခဲ့သည်။ နိုင်ငံ၊ ဘာသာသာသနာနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းရန်အတွက် ဗမာ၊ ဗုဒ္ဓဘာသာ အခြေပြု စည်းရုံးရေးလုပ်ငန်းများကို ဖော်ဆောင်ခဲ့ကြသည်။

တော်လှန်ရေးအင်အားစုများ၏ တိုက်ခိုက်သိမ်းပိုက်မှုများကြောင့် စစ်အုပ်စု၏ အခြေစိုက်စခန်းများလက်လွှတ်လိုက်ရပြီး ထိန်းချုပ်နယ်မြေများ ဆုံးရှုံးလာခြင်းသည် နိုင်ငံလုံခြုံရေးကို ခြိမ်းခြောက်ခံရသည့် ဖြစ်ရပ်ပမာ ကြီးမားသည့်ဆုံးရှုံးမှုအဖြစ် ပုံဖော်ခဲ့ကြသည်။ စစ်တပ်သည် နိုင်ငံ၊ ဘာသာသာသာသနာနှင့်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန် ကြိုးပမ်းဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်သည့်အတွက် စစ်တပ်ကို ထောက်ခံအားပေးရန် လိုအပ်ကြောင်းကို မဟာဗမာလူမျိုးကြီးဝါဒနှင့် ဗဟိုချုပ်ကိုင်မှုစနစ်အခြေပြု၍ စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။ လူမျိုးစုတော်လှန်ရေးအင်အားစုများသည် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက်သာ လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ဝါဒဖြန့်ချိခြင်းဖြင့် လူမျိုးစုတော်လှန်ရေးအဖွဲ့များ၏ လုပ်ငန်းစဉ်များကို နှိမ့်ချကာ စစ်တပ်အာဏာချုပ်ကိုင်မှုကို ထောက်ပံ့ပေးလျက်ရှိသည်ကို တွေ့ရပါသည်။

# ၁။ ရှမ်း(မြောက်)ရှိ လူမျိုးစုတော်လှန်ရေး အဖွဲ့များ အကြား ပွတ်တိုက်မှုများ



# ၁.၁ မူဆယ်မြို့နယ်တွင် ဖြစ်ပွားခဲ့သော လူမျိုးစုတော်လှန်ရေးအင်အားစုများကြား ပွတ်တိုက်မှုများ



**မူဆယ်မြို့နယ်၊ စယ်လန့်ကျေးရွာ။**
**၂၀၂၃ ခုနှစ် နိုဝင်ဘာလ**

သျှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (Shan Nationalities League for Democracy – SNLD) ၏ မူဆယ်မြို့နယ်၊ စယ်လန့်ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီ အတွင်းရေးမှူးဖြစ်သူ စိုင်းမောဝ်အွန်ကို TNLA က ဖမ်းဆီးခဲ့ပါသည်။ TNLA ၏ ထုတ်ပြန်ကြေညာချက်တွင် စိုင်းမောဝ်အွန် သည် TNLA ၏ စစ်ရေးလှုပ်ရှားမှုများကို ဓာတ်ပုံမှတ်တမ်း ရိုက်ကူးခဲ့သည့်အတွက် အကြောင်းအရင်းကို မေးမြန်းနိုင်ရန် ခေတ္တခေါ်ယူခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြပါရှိသည်။ သို့သော် ယင်းဖမ်းဆီးမှုနှင့် ပတ်သက်၍ TNLA နှင့် SSPP/SSA တို့အကြား အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားရာ နှစ်ဘက်တပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုများရှိခဲ့သည် (BBC Burmese, 2023)။

**မူဆယ်မြို့နယ်၊ မုံးကိုးမြို့**
**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ**

မုံးကိုးမြို့၊ မနောကွင်းအတွင်း လောင်းကစားဝိုင်းများပါဝင်သည့် ပွဲတခုကို MNDAA က တရုတ်နှစ်သစ်ကူးကာလအတွင်း ဖွင့်လှစ်ခဲ့သဖြင့် MNDAA နှင့် ကချင်လူမျိုးများကြား အငြင်းပွားမှုများ ဖြစ်ပွားခဲ့သည်။

**မူဆယ်မြို့နယ်၊ မုံးကိုးမြို့**
**၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၃ ရက်**

အဆိုပါ မနောကွင်း၌ ခန်းမဆောင်တည်ဆောက်ရန် ကချင်စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့ရုံးက MNDAA ထံ စာတင်ထားသော်လည်း ခန်းမဆောင်တည်ဆောက်မှုကို MNDAA က လာရောက်တားဆီးခဲ့ပြီး ရုံးကို ချိပ်ပိတ်စာကပ်ခဲ့သဖြင့် တင်းမာမှုများ ဖြစ်ပွားခဲ့သည်။ တော်လှန်ရေးတပ်ဖွဲ့အချင်းချင်း တင်းမာမှုများရှိခဲ့ပြီး  ညှိနှိုင်းဖြေရှင်းခဲ့သည်ဟု KIA ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး နော်ဘူက ပြောဆိုခဲ့သည် (DVB Burmese, 2024b)။

**မူဆယ်မြို့နယ်၊ မုံးကိုးမြို့။**
**၂၀၂၄ ခုနှစ်၊ မေလ ၁၅ ရက်**

မုံးကိုးဒေသရှိ KIA ရှေ့တန်းတပ်စခန်းတခုကို MNDAA က လာရောက်ညှိနှိုင်းကာ ဖယ်ရှားရန်ပြောဆိုခဲ့သည်။ ထို့နောက် ယင်းတပ်စခန်းနေရာတွင် MNDAA မှ ဝင်ရောက်တပ်စွဲခဲ့သည် (The 74 Media, 2024)။

# ၁.၂ ကွတ်ခိုင်မြို့နယ်တွင် ဖြစ်ပွားခဲ့သော လူမျိုးစုတော်လှန်ရေးအဖွဲ့များကြား ပွတ်တိုက်မှုများ

## ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလဆန်း

ကွတ်ခိုင်မြို့ကို မသိမ်းယူမီကပင် ကွတ်ခိုင်မြို့နယ်၊ နမ့်ဖက်ကာ ရွာ၌ TNLA နှင့် KIA တို့ကြား ပွတ်တိုက်မှုများရှိခဲ့သည်။

## ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်

MNDAA သည် ကွတ်ခိုင်မြို့တွင် ရုံးဌာန ၅ ခုထက်မနည်း တပ်စွဲကာ အုပ်ချုပ်ရေးလုပ်ငန်းများဆောင်ရွက်မှုကြောင့် TNLA မြေပြင်တပ်အရာရှိများက သတိပေးတားမြစ်မှုများ ရှိခဲ့သည်။

## ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ နှင့် ၅ ရက်

ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် အင်အား ၅၀ ခန့်ရှိ KIA တပ်ဖွဲ့သည် TNLA ကို အကြောင်းမကြားဘဲ ကွတ်ခိုင်မြို့အတွင်း ဝင်ရောက်၍ ကချင်အမျိုးသားတော်လှန်ရေးနေ့ အခမ်းအနားကျင်းပရန် ပြင်ဆင်ခဲ့သည်ဟု TNLA က ပြောဆိုခဲ့သည် (VOA Burmese, 2024)။ ဖေဖော်ဝါရီလ ၅ ရက်တွင် အဆိုပါအခမ်းအနားအတွက် ကွတ်ခိုင်မြို့၌ လွှင့်ထူထားသော ကချင်အမျိုးသား အလံများကို TNLA တပ်ဖွဲ့ဝင်အချို့က ဖြုတ်ချခဲ့သည် (The Irrawaddy, 2024)။



## ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နှင့် ၁၂ ရက်

ကွတ်ခိုင်ရှိ KIO/KIA ဆက်ဆံရေးရုံးကို ဧပြီ ၁၅ ရက်နောက်ဆုံးထား၍ ထွက်သွားရန် TNLA က လာရောက်ပြောဆိုခဲ့ပြီး ရုံးရှေ့လွှင့်ထူထားသော ကချင်အမျိုးသားအလံကိုလည်း ဖျက်ဆီးခဲ့သည်။

## ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၄ ရက်

ကွတ်ခိုင်နှင့် မူဆယ်ကြားရှိ KIO သစ်တောထိန်းသိမ်းရေးဆိုင်းဘုတ်ကို TNLA က ဖျက်ဆီးခဲ့သည် (Kachin News Group, 2024)။ KIA ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး နော်ဘူက အဆိုပါဖြစ်ရပ်များသည် ရှေ့တန်းအရာရှိငယ်များကြား အငြင်းပွားမှုသာဖြစ်ပြီး ဗဟို အချင်းချင်းညှိနှိုင်းဆောင်ရွက်မည်ဟု ပြောဆိုခဲ့သည်။

## ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၆ ရက်

ကွတ်ခိုင်မြို့ရှိ KIO/KIA နှင့် MNDAA တပ်များ လှုပ်ရှားမှုအပေါ် TNLA က သတိပေးပြောဆိုမှုများနှင့်ပတ်သက်၍ ၃ ဖွဲ့လုံးပါဝင်သည့် ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ခဲ့ပြီး အချင်းချင်းကြား ပြေလည်မှုရှိခဲ့ကြောင်း TNLA ပြောရေးဆိုခွင့်ရှိသူ လွေးယေဦးက ပြောခဲ့သည် (The Irrawaddy, 2024b)။

## ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၇ ရက်

အင်အား ၈၀ ပါဝင်သော MNDAA တပ်ဖွဲ့က ကွတ်ခိုင်မြို့ ကောင်းခါးလမ်းခွဲတွင် ကင်းစောင့်နေသော TNLA တပ်ဖွဲ့ဝင် ၅ ဦးကို ထွက်ခွာသွားရန် လာရောက်ပြောဆိုကာ ထိုတပ်ဖွဲ့ဝင်များ၏ သေနတ်များကို သိမ်းဆည်းသွားခဲ့သည်။

## ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်

MNDAA နှင့် TNLA တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးကာ MNDAA တပ်သားများ သိမ်းဆည်းခဲ့သော သေနတ်များကို TNLA ထံ ပြန်လည်အပ်နှံတောင်းပန်ခဲ့ပြီး နောင်တွင် ပြဿနာဖြစ်ပွားပါက တွေ့ဆုံဆွေးနွေးရေးနည်းလမ်းဖြင့် ဖြေရှင်းရန် သဘောတူခဲ့ကြသည် (Shwe Phee Myay, 2024)။

## ၁.၃ နမ့်ခမ်းမြို့နယ်တွင် ဖြစ်ပွားခဲ့သော တအောင်းတော်လှန်ရေးအဖွဲ့နှင့် ရှမ်းတော်လှန်ရေးအဖွဲ့အကြား ပွတ်တိုက်မှုများ



### ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ

TNLA မှ နမ့်ခမ်းမြို့ကို သိမ်းပိုက်ခဲ့သည်။ နမ့်ခမ်းမြို့နယ် အတွင်းတွင်လည်း TNLA နှင့် SSPP/SSA အကြား အပြန်အလှန်စွပ်စွဲမှုများနှင့် တင်းမာမှုများ ဖြစ်ပေါ်ခဲ့သည်။

### ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်

TNLA က SSPP အနေဖြင့် နမ့်ခမ်းမြို့နယ်အတွင်း တပ်သား စုဆောင်းခြင်း၊ စစ်ရေး၊ အုပ်ချုပ်ရေး ငွေကြေး ကောက်ခံခြင်း မပြုလုပ်ရန် စာဖြင့် မေတ္တာရပ်ခံခဲ့သည်။

### ၂၀၂၄ ခုနှစ်၊ ဧပြီလ

နမ့်ခမ်းမြို့နယ်၊ နောင်တောင်းနယ်စပ်ဂိတ်အနီး ကျေးရွာများသို့ SSPP/SSA တပ်ဖွဲ့ဝင်များက ရောက်ရှိလာပြီး အခွန်ကောက်ခံမှုများ လုပ်ဆောင်ခဲ့သည်။ အဆိုပါ နောင်တောင်းနယ်စပ်ဂိတ်ရှိ SSPP တပ်များ ဧပြီလကုန်တွင် ထွက်ခွာပေးရန် TNLA က SSPP နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

### ၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက်

ထိုနယ်စပ်ဂိတ်အနီး နေရာယူထားသော SSPP/SSA တပ်ဖွဲ့ဝင် ၁၀၀ ကျော်ကို TNLA က မူဆယ်မြို့အနီးသို့ ပို့ဆောင်ခဲ့သည်။

### ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂ ရက်

နှစ်ဘက်ခေါင်းဆောင်များ ဆွေးနွေးမှုအရ ပြန်ပို့ခဲ့ခြင်း ဖြစ်သည်ဟု TNLA က ထုတ်ပြန်ခဲ့သော်လည်း SSPP/SSA ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး စိုင်းဖုန်းဟန်က ထိုသို့ဆွေးနွေးမှု မရှိခဲ့ကြောင်း ငြင်းဆိုခဲ့သည်။ နမ့်ခမ်းမြို့အုပ်ချုပ်ရေးနှင့် ပတ်သက်၍ TNLA နှင့် SSPP အကြား ဆွေးနွေးမှုများရှိ သော်လည်း သဘောတူညီချက် မရသေးကြောင်း ဆက်လက် ပြောကြားခဲ့သည် (VOA Burmese, 2024b)။

## ၁.၄။ စစ်အုပ်စု၏ အသုံးချမှုများ

ရှမ်း(မြောက်)ဒေသများရှိ လူမျိုးစုတော်လှန်ရေးအင်အားစုများအကြား ဖြစ်ပွားခဲ့သည့် မကျေလည်မှုများကို အသုံးချ၍ စစ်အုပ်စု၏ တည်ရှိနှင့်ပြီးသော ဝါဒမှိုင်းများကို ဖြန့်ဝေရန်နှင့် လူမျိုးရေးပဋိပက္ခကို ဦးတည်စေနိုင်သည့် ဇာတ်ကြောင်းပုံဖော်ရန် စစ်အုပ်စုကိုထောက်ခံအားပေးသည့် တယ်လီဂရမ်ချန်နယ်များက ကြိုးပမ်းခဲ့ကြသည်ကို တွေ့ရပါသည်။

**TNLA** နှင့် **SSPP/SSA** အကြားရှိ ပြဿနာများကို အသုံးချကာ **TNLA** ၏ စစ်ရေးလှုပ်ရှားမှုများသည် ရှမ်းလူမျိုးများ၏ နယ်မြေကို ကျူးကျော်ရန်စခြင်းဖြစ်ပြီး ရှမ်းလူမျိုးများ၏ နယ်မြေကို စစ်တပ်က ကာကွယ်စောင့်ရှောက်နေသည်ဟု ပုံဖော်ရေးသားခဲ့ကြသည်။ ရှမ်းနှင့် တအောင်းအကြားရှိ လူမျိုးရေး ပဋိပက္ခများကြောင့် ရှမ်းလူမျိုးများမှာ ဗမာလူမျိုးများကို ပိုမိုထောက်ခံအားပေးလျက်ရှိပြီး တအောင်းများ၏ ကျူးကျော်မှုကို ကာကွယ်တွန်းလှန်နိုင်ရန် စစ်တပ်သည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင် တည်ရှိနေကြောင်းကို ဇာတ်ကြောင်းပုံဖော်မှုများ လုပ်ဆောင်ခဲ့ကြပါသည်။ စစ်တပ်ထောက်ခံသည့် တယ်လီဂရမ်ချန်နယ်များတွင် "**TNLA** က ရှမ်းလူမျိုးများကို အနိုင်ကျင့်သတ်ဖြတ်လျက်ရှိသည်"၊ "**TNLA** က ရှမ်းစော်ဘွားများနေထိုင်ရာ သီပေါမြို့ ပျက်စီးစေရန် စစ်ပွဲဖန်တီးနေပြီး ရှမ်းလူငယ်များက ပလောင်များနေထိုင်ရာ နမ့်ဆန်နှင့် မန်တုံကို ပြာချမည်" အစရှိသည့် လူမျိုးရေးအမုန်းတရားများ ကြီးထွားလာစေနိုင်သော ရေးသားဖြန့်ဝေမှုများ လုပ်ဆောင်ခဲ့ကြပါသည်။ တပြိုင်နက်တည်းမှာပင် ရှမ်းတော်လှန်ရေးအင်အားစုများကို "မိမိနယ်မြေနှင့် လူမျိုးအား မကာကွယ်နိုင်သူများ" အဖြစ် ပုံဖော်ရေးသားပြီး ရန်လိုတုံ့ပြန်မှုများ ဖြစ်ပွားစေမည့် သွေးထိုးလှုံ့ဆော်မှုများကို လုပ်ဆောင်ခဲ့ကြသည်။

**MNDAA** ၏ စစ်ရေးဖော်ဆောင်မှုများကိုလည်း လူမျိုးခြားတရုတ်နှင့် တရုတ်နွယ်ဖွားများက မြန်မာနိုင်ငံ၏ အစိတ်အပိုင်းတခုဖြစ်သော ရှမ်းပြည်ကို ကျူးကျော်တိုက်ခိုက်လာခြင်းဖြစ်သည်ဟု ရေးသားပုံဖော်ခဲ့သည်။ ကိုးကန့်ကို တရုတ်လူမျိုးခြားအဖြစ်၊ ရှမ်းကို ဒေသခံလူမျိုးစုအဖြစ် ဖော်ညွှန်းခဲ့သည်ကို တွေ့ရသည်။ "တော်လှန်ရေးအင်အားစုများထံသို့ နယ်မြေများစွန့်လွှတ်ရခြင်းကို စစ်တပ်၏ ဆုံးရှုံးမှု မဟုတ်ဘဲ နိုင်ငံလုံခြုံရေးကို ခြိမ်းခြောက်ခံရသည့် ပြည်ပကျူးကျော်စစ်ပမာ ပြည်ထောင်စုသားများ၏ ကြီးမားသည့်ဆုံးရှုံးမှုအဖြစ်" ပုံဖော်ခဲ့သည်ကို တွေ့ရသည်။

စစ်တပ်ထောက်ခံသော တယ်လီဂရမ်ချန်နယ်များတွင် “လူမျိုးစုလက်နက်ကိုင်များသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်မကျင့်သုံးဘဲ လူမျိုးရေးကိုသာ ရှေ့တန်းတင်ပြီး ၎င်းတို့၏ အကျိုးစီးပွားအတွက် လက်နက်ကိုင်သူပုန်ထခြင်းဖြစ်သည်” ဟူ၍ တော်လှန်ရေးအင်အားစုများ၏ လုပ်ဆောင်ချက်များကို နှိမ့်ချဖော်ပြခဲ့သည်။ လူမျိုးစုတော်လှန်ရေးအဖွဲ့တခု သိမ်းယူထားသော မြို့တွင် ဖိနှိပ်ချုပ်ချယ်မှုများကြောင့် အခြားလူမျိုးများနေထိုင်၍ မရနိုင်သည့်အပြင် ထိုလူမျိုးများ၏ ယဉ်ကျေးမှုများ၊ တန်ဖိုးထားမှုများ၊ အမှတ်အသားများပြောင်းလဲခံရနိုင်သည့် အန္တရာယ်ရှိသည် ဟူသော ဝါဒဖြန့်မှုများဖြင့် လူမျိုးရေးပဋိပက္ခများ ပိုမိုကြီးထွားစေရန် သွေးထိုးလှုံ့ဆော်သည်ကို တွေ့ရသည်။ စစ်တပ်ကို လူမျိုးစုအားလုံးအား တန်းတူအုပ်ချုပ်သည့် အဖွဲ့အစည်းအဖြစ် အမွှမ်းတင်ကာ စစ်တပ် မထိန်းချုပ်နိုင်သော နယ်မြေများတွင် လက်နက်ကိုင်အုပ်စုများကြောင့် လူမျိုးရေးပဋိပက္ခများ ပိုမိုဖြစ်ပွားသည်ဟု ဝါဒဖြန့်ချိရန် ကြိုးပမ်းခဲ့သည်။ အမှန်စင်စစ်တွင် "ဗမာလူမျိုးများအာဏာချုပ်ကိုင်ထားသော စစ်အုပ်စုသည် ၎င်းတို့၏ အာဏာနှင့် အကျိုးစီးပွားအတွက် လူမျိုးစုများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာကို လွတ်လပ်စွာ ဖန်တီးစီမံခွင့်နှင့် ရပိုင်ခွင့်များကို နှစ်ပေါင်းများစွာ ဖိနှိပ်ပိတ်ပင်ခဲ့သည်" ဟူသော အချက်ကို စစ်တပ်ထောက်ခံသူများက မျက်ကွယ်ပြုထားသည်။


Kyaw Swar
Credit - CNI News
KUTKAI KASA (KKs)
The Kachin Sub-State Media
https://t.me/kyawswar49111

# ၂။ ချင်း၊ ပလက်ဝဒေသရှိ ပွတ်တိုက်မှုများ

တကျော့ပြန်စစ်ပွဲအဖြစ် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် AA သည် ပလက်ဝဒေသရှိ စစ်ကောင်စီတပ်စခန်းများကို ထိုးစစ်ဆင်တိုက်ခိုက်လာခဲ့သည်။ ပလက်ဝကို စစ်ကောင်စီကင်းစင်သော ဒေသအဖြစ် AA က ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်တွင် ကြေညာခဲ့ပြီးနောက် ပလက်ဝဒေသတွင် ချင်းတော်လှန်ရေးအဖွဲ့အချို့၊ ချင်းလူမျိုးများနှင့် AA အကြား၊ ချင်းလူမျိုးစုအချင်းချင်းကြား ပွတ်တိုက်မှုများ ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။



## ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်မှ ဖေဖော်ဝါရီလအထိ

ချင်းအမျိုးသားတပ်မတော် (Chin National Army – CNA)၊ မရာချင်းဒေသကာကွယ်ရေးအဖွဲ့ (Chinland Defence Force–Mara) ပူးပေါင်းတပ်နှင့် မရာလဲန်းကာကွယ်ရေးတပ် (Maraland Defense Force – MDF) တို့ ပလက်ဝမြို့နယ်တွင် တိုက်ပွဲများဖြစ်ပွားခဲ့သည် (Khonumthung Burmese, 2024a)။ အဆိုပါတိုက်ပွဲများတွင် AA မှ ပူးပေါင်းပါဝင်တိုက်ခိုက်ခဲ့သည် ဟူသော သတင်းများ ထွက်ပေါ်ခဲ့သည်။

## ၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်


ချင်းတော်လှန်ရေးတပ်ဖွဲ့များအချင်းချင်းကြား တိုက်ပွဲများတွင် ပါဝင်ကူညီခြင်းနှင့် ဝင်ရောက်တိုက်ခိုက်ပေးခြင်းများ လုံးဝမရှိဟု AA ပြောရေးဆိုခွင့်ရှိသူ ခိုင်သုခက တရားဝင်ငြင်းဆိုခဲ့သည် (Khonumthung Burmese, 2024c)။ ထို့အပြင် ပလက်ဝကို ပလက်ဝဒေသခံများ ပိုင်ဆိုင်ပြီး အားလုံးပါဝင်သော အုပ်ချုပ်ရေးအစီအစဉ်များ လုပ်ဆောင်သွားမည်၊ ချင်းပြည်တွင် စစ်ကောင်စီတပ်များ ခိုင်ခိုင်မာမာ အခြေပြု၍ တည်ရှိနေဆဲဖြစ်ပြီး ချင်းတော်လှန်ရေးအင်အားစုများအနေဖြင့် ပလက်ဝဒေသတခုကို စိုးရိမ်ပူပန်ခြင်းထက် ချင်းပြည်လွတ်မြောက်ရေးကို အာရုံစိုက်သင့်သည် ဟုလည်း ပြောဆိုခဲ့သည် (Khonumthung Burmese, 2024b)။

## ၂၀၂၄ ခုနှစ်၊ မတ်လ ၁၁ ရက်

ချင်းပြည်အစိုးရအဖွဲ့[၁]၊ ဝန်ကြီးချုပ် ဦးပါထန်းက AA အနေဖြင့် ချင်းပြည်အတွင်း အုပ်ချုပ်ရေးဖော်ဆောင်သည်မှာ မှန်ကန်သည့်လမ်းစဉ် မဟုတ်ကြောင်း၊ AA နှင့် ချင်းပြည်ကောင်စီ (Chinland Council)[၂] အကြား တွေ့ဆုံဆွေးနွေးမှုပြုလုပ်သင့်ကြောင်း ပြောကြားခဲ့သည် (Khonumthung Burmese, 2024d)။

## ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်

AA နှင့် လက်တွဲဆောင်ရွက်မည်ဟု ချင်းညီနောင်အဖွဲ့(Chin Brotherhood)[၃] က ထုတ်ပြန်ခဲ့သည် (Khonumthung Burmese, 2024e)။ ချင်းပြည်ကောင်စီနှင့် ချင်းညီနောင်အဖွဲ့ကြားတွင်လည်း တင်းမာမှုများရှိသည်။



> ပလက်ဝမြို့နယ်တွင် AA ၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ချင်းသတင်းဌာနများက ရေးသားဖော်ပြခဲ့သည်များလည်းရှိသည်။

## ၂၀၂၄ ခုနှစ်၊ ဧပြီလ၊ ၁၆ ရက်နှင့် ၁၇ ရက်

AA ၏ ထောက်ခံစာပါရှိမှသာ ပလက်ဝမြို့နယ်တွင် ဝင်ထွက်သွားလာလှုပ်ရှားခွင့်ရရှိသည်ဟု ချင်းမီဒီယာများက ဖော်ပြခဲ့သည် (Zalen, 2024)။

## ၂၀၂၄ ခုနှစ်၊ မေလ ၂ ရက်

ပလက်ဝမြို့နယ်၊ မီးဇာကျေးရွာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရခိုင်လူမျိုး အိမ်ခြေ (၁,၀၀၀) ကျော်အား အခြေချနေထိုင်ခိုင်းရန် AA က တရွာလျှင် ဝါးလုံးတထောင် ခုတ်ခိုင်းသည်ဟု ဖော်ပြခဲ့သည် (Zalen, 2024b)။

## ၂၀၂၄ ခုနှစ်၊ မေလ ၁၀ ရက်

ပလက်ဝမြို့နယ်တွင် စစ်မှုထမ်းဆောင်ရန်အတွက် AA က စာရင်းကောက်ယူမှုများကြောင့် စွန့်ခွာထွက်ပြေးသည့် ချင်းလူငယ်များ များပြားလာသည်ဟု ဖော်ပြခဲ့သည် (Khonumthung Burmese, 2024f)။

## ၂၀၂၄ ခုနှစ်၊ မေလ ၁၇ ရက်

AA က ပလက်ဝမြို့နယ်မှ ချင်းဒေသခံ ၉ ဦးကို  ဖမ်းဆီးသွားသည်ဟု ဖော်ပြခဲ့သည် (Khonumthung Burmese, 2024g)။

## ၂၀၂၄ ခုနှစ်၊ ဇွန်လ ၈ ရက်

ပလက်ဝမြို့နယ်တွင် ဒေသခံပြည်သူများကို အတင်းအဓမ္မ စစ်သားစုဆောင်းမှု မပြုလုပ်ဟု AA ၏ ပြောရေးဆိုခွင့်ရှိသူ ခိုင်သုခက ပြောကြားခဲ့သည် (Khonumthung Burmese, 2024h)။

၁ ချင်းပြည်အစိုးရအဖွဲ့ကို ဖွဲ့စည်းကြောင်း ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ချင်းပြည်ကောင်စီက ကြေညာခဲ့သည်၊

၂ ချင်းအမျိုးသားတပ်ဦး(CNF)၊ ချင်းလွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့၊ မြို့နယ်နှင့် ဒေသအလိုက်အစုအဖွဲ့များ ပါဝင်သော ချင်းပြည်ကောင်စီညီလာခံမှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်တွင် ချင်းပြည်ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုခဲ့ပြီး ချင်းပြည်ကောင်စီကို ဖွဲ့စည်းခဲ့သည်။

၃ ချင်းပြည်နှင့် ချင်းအမျိုးသားရေး၌ နိုင်ငံရေး၊စစ်ရေးပူးပေါင်းဆောင်ရွက်ရန် ဇိုမီးဖက်ဒရယ် အစည်းအရုံး (Zomi Federal Union)၊ ချင်းအမျိုးသားအဖွဲ့ချုပ် (Chin National Organization)၊ ချင်းအမျိုးသားကောင်စီ – မင်းတပ် (Chin National Council – Mindat) တို့က ချင်းညီနောင်အဖွဲ့ ဖွဲ့စည်းကြောင်း၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်တွင် ကြေညာခဲ့သည်။ ထို့နောက် မရာနယ်မြေအုပ်ချုပ်ရေးကောင်စီ (Maraland Territorial Council)၊ ချင်းကာကွယ်ရေးတပ် – ကန်ပက်လက် (Chin Defense Force – Kanpetlet) နှင့် ချင်းလဲန်းကာကွယ်ရေးတပ် – မတူပီ – တပ်မဟာ (၁) (Chinland Defense Force – Matupi) တို့လည်း ပူးပေါင်းလာခဲ့သည်။


## ၂.၁။ စစ်အုပ်စု၏ အသုံးချမှုများ


ပလက်ဝဒေသရှိ ပွတ်တိုက်မှုများကို အသုံးချ၍ စစ်အုပ်စု၏ ဝါဒဖြန့်ချိရေး တယ်လီဂရမ် ချန်နယ်များမှ အာရက္ခတပ်တော်၊ ရခိုင်လူမျိုးများနှင့် ချင်းလူမျိုးများကြားတွင် သာမက ချင်းလူမျိုးစုအချင်းချင်းကြား လူမျိုးရေးပဋိပက္ခများ ပိုမိုကြီးထွားလာစေရန် လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရသည်။

ချင်းဒေသနှင့် ချင်းလူမျိုးများသည် **AA** ၏ အသုံးချဖိနှိပ်ခြင်းကို ခံနေရသည် ဆိုသော ဇာတ်ကြောင်းကို အမျိုးမျိုးရေးသားဖော်ပြလာခဲ့သည်။ **AA** သည် ချင်းလူမျိုးများအား ၎င်းတို့လက်အောက်တွင် တိုက်ခိုက်ရန်အတွက် အတင်းအဓမ္မတပ်သားစုဆောင်းမှုကြောင့် ပလက်ဝဒေသရှိ ချင်းလူငယ်များ ထွက်ပြေးမှုများရှိကြောင်း အသားပေးဖော်ပြခဲ့သည်။ ထိုလုပ်ရပ်ကို ချင်းတော်လှန်ရေးအဖွဲ့များဖြစ်သည့် **CNA** နှင့် ချင်းကာကွယ်ရေးတပ်ဖွဲ့ **(Chin Defense Force - CDF)** တို့က မကျေမချမ်းဖြစ်၍ ပြန်လည်တိုက်ခိုက်သဖြင့် ပလက်ဝတွင် တိုက်ပွဲစဖြစ်လာခဲ့သည်ဟု ဖော်ပြခဲ့သည်။ **AA** ကို ချင်းဒေသအတွင်းသို့ စစ်ပွဲခေါ်ဆောင်လာသူ၊ ချင်းလူမျိုးများကို သွေးခွဲ၍ အချင်းချင်းတိုက်ခိုက်ခိုင်းသူအဖြစ် ပုံဖော်ခဲ့သည်။ **AA** သည် ရခိုင်လူမျိုးကောင်းစားရေးအတွက် ပလက်ဝဒေသတွင် တိုက်ပွဲဖော်ဆောင်နေပြီး ပလက်ဝဒေသသည် ရခိုင်ထက် စစ်ဘေးဒဏ်ခံစားနေရသည် ဟူ၍ ဖော်ပြလာခဲ့သည်။ ပလက်ဝတွင် တိုက်ပွဲဖော်ဆောင်ခြင်းအပေါ် "ပလက်ဝသည် စစ်ကြားခံနယ်အဖြစ် အသုံးချခံနေရသည်"၊ "သေကြေပျက်စီးရင် ချင်းလူမျိုးနဲ့ ပလက်ဝ၊ အခွင့်အရေးရရင် ရခိုင်လူမျိုး" စသည်ဖြင့် လူမျိုးစုနှစ်ခုကို နှိုင်းယှဉ်ဖော်ပြကာ ချင်းလူမျိုးနှင့် ရခိုင်လူမျိုးအကြား သွေးခွဲလှုံ့ဆော်ရန်ကြိုးပမ်းခဲ့သည်။ ချင်းတော်လှန်ရေးအဖွဲ့များကို "မိမိဒေသကို မကာကွယ်နိုင်သူများ"အဖြစ် ပြစ်တင်ဝေဖန်ကာ ပြိုင်ဆိုင်မှုပြင်းထန်စေရန် လှုံ့ဆော်ခဲ့သည်။ **AA** မှ ပလက်ဝဒေသအပြင် "မင်းတပ်နှင့် ကန်ပက်လက်ကို သိမ်းလာနိုင်သည်၊ ချင်းဒေသအတွင်း နယ်မြေချဲ့ထွင်မှုများ လုပ်ဆောင်လာနိုင်သည်" ဟူ၍ ဇာတ်ကြောင်းပုံဖော်ခဲ့သည်။ ထို့အပြင် **AA** သည် ခူမီးအမျိုးသမီးများကို တိုက်ပွဲတွင် ကိုယ်အင်္ဂါဆုံးရှုံးထားသော **AA** တပ်ဖွဲ့ဝင်များ၏ ဇနီးမယားအဖြစ် အတင်းအဓမ္မခေါ်ဆောင်နေသည် ဟူသော သတင်းများကိုလည်း ဖြန့်ဝေခဲ့သည်။


Ko Thet
Forwarded from
November 17
Kyaw Swar
Khumi Cho
Most relevant
Khamee Ethnic In Myanmar
Just now

# ၃။ အာရက္ခတပ်တော်နှင့် ရိုဟင်ဂျာများကြား ပွတ်တိုက်မှုများ





## ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ

ကျောက်ဖြူရှိ ကျောက်တလုံး ဒုက္ခသည်စခန်း၊ သံတွဲ၊ စစ်တွေ၊ ဘူးသီးတောင်ဒေသများတွင် ရခိုင်လူငယ်များနှင့် ရိုဟင်ဂျာလူငယ်များကို စစ်ကောင်စီက စာရင်းပြုစုကာ စစ်သားအတင်းအကြပ်စုဆောင်း၍ ပြည်သူ့စစ်သင်တန်းများပေးအပ်ခဲ့သည်။

## ၂၀၂၄ ခုနှစ်၊ မတ်လနှင့် ဧပြီလ

စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောတို့တွင် ရိုဟင်ဂျာများနှင့် မူဆလင်များကို AA အား ဆန့်ကျင်ကြောင်း ဆန္ဒဖော်ထုတ်ရန် စစ်အုပ်စုက အတင်းအကြပ်စေခိုင်းခြင်းများလုပ်ဆောင်ခဲ့သည်။

## ၂၀၂၄ ခုနှစ်၊ မေလ

AA တပ်ဖွဲ့ဝင်အချို့သည် ရိုဟင်ဂျာများအပေါ် သတ်ဖြတ်မှုများ၊ ရိုဟင်ဂျာများ၏ နေအိမ်နှင့် ပိုင်ဆိုင်မှုများကို မီးရှို့ဖျက်ဆီးမှုများလုပ်ဆောင်ခဲ့သည်ဟူသည့် သတင်းများထွက်ပေါ်ခဲ့ခြင်းနှင့် ပတ်သက်၍ တော်လှန်ရေးအဖွဲ့အစည်းအချို့နှင့် AA အကြား အပြန်အလှန်အငြင်းပွားမှုများ ဖြစ်ပွားခဲ့သည်။

အထက်ပါဖြစ်စဉ်များအပေါ် အာရက္ခတပ်တော်မှ ခေါင်းဆောင်များက လူမှုကွန်ယက်စာမျက်နှာများတွင် ရိုဟင်ဂျာလူမျိုးများနှင့် တော်လှန်ရေးအဖွဲ့အစည်းအချို့အပေါ် ကိုယ်ပိုင်သဘောထားမှတ်ချက်များ ဆက်တိုက်ရေးသားခဲ့သည်။ ၎င်းသဘောထားမှတ်ချက်များသည် ရခိုင်နှင့်ရိုဟင်ဂျာလူမျိုးစုများ သဟဇာတဖြစ်ရေးအတွက် စိန်ခေါ်မှုပိုမိုကြီးမားလာစေခဲ့ပြီး စစ်အုပ်စုမှလည်း အဆိုပါဖော်ပြချက်များကို အသုံးချကာ လူမျိုးရေးလှုံ့ဆော်ရန်အတွက် ပိုမိုကြိုးပမ်းလာခဲ့သည်။

## ၃.၁။ စစ်အုပ်စု၏ အသုံးချမှုများ


စစ်တပ်ထောက်ခံသော တယ်လီဂရန်ချန်နယ်များ၏ **AA** အပေါ် ပုံဖော်မှုကို လေ့လာရာတွင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ရခိုင်တကျော့ပြန်စစ်ပွဲအစပိုင်း၌ **AA** သည် ရခိုင်လူမျိုးများ၏ အကျိုးစီးပွားကို ဆောင်ရွက်ရမည့်အစား ရိုဟင်ဂျာများ၏ အကျိုးကိုသာ ဆောင်ရွက်နေသည်ဟူသော ပုံဖော်မှုကို တွေ့ရှိရသည်။ ရခိုင်တွင် တိုက်ပွဲပြန်လည်ဖြစ်ပွားကာစ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလများတွင် စစ်တပ်ထောက်ခံသည့် တယ်လီဂရမ်ချန်နယ်များက **AA** သည် မူဆလင်များနှင့် ပူးပေါင်းကာ ရခိုင်လူမျိုး၊ ရခိုင်မြေပျောက်အောင် လုပ်ဆောင်နေကြောင်း၊ **AA** လက်အောက်ခံ မူဆလင်အဖွဲ့ဖွဲ့စည်းရန် ပြင်ဆင်နေကြောင်း၊ ရခိုင်လူမျိုးများအား မူဆလင်များဖြင့် သွေးနှောရန်ကြံစည်နေကြောင်း ရေးသားဖော်ပြထားသည့်အပြင် ဘင်္ဂလားဒေ့ရှ်မှ **AA** အား အထောက်အပံ့ပေးသည်ဟုလည်း စွပ်စွဲခဲ့သည်။ **AA** သည် ရခိုင်လူမျိုးများအား စစ်တပ်နှင့် တိုက်ခိုင်းကာ သေတွင်းထဲပို့နေသကဲ့သို့ တဘက်တွင် တိုက်ပွဲအတွင်း သေဆုံးသွားသော ထိုရခိုင်အမျိုးသားများနေရာ၌ ရိုဟင်ဂျာအမျိုးသားများဝင်ရောက်စေကာ ရခိုင်အမျိုးသမီးများနှင့် လက်ထပ်၍ သွေးနှောဖြစ်စေဟန် ပုံဖော်ထားသည်။ ထို့အပြင် ရခိုင်မြောက်ပိုင်းကို **AA** ထိန်းချုပ်ခြင်းသည် ရိုဟင်ဂျာများအား ကာကွယ်ရန်ဖြစ်ပြီး ရိုဟင်ဂျာများအား လူမျိုးခြားဘာသာခြားကျူးကျော်သူများအဖြစ် ညွှန်းဆိုကာ ရခိုင်မြောက်ပိုင်းတွင် **AA** က ၎င်းတို့အား အလုံးအရင်းနေရာချထာမည့်ဟန် ပုံဖော်ရေးသားခဲ့သည်။

နောက်ပိုင်းတွင်မူ **AA** က ဖိနှိပ်လွန်းသဖြင့် မူဆလင်များက သည်းမခံနိုင်တော့ဘဲ စစ်တပ်အား အကူအညီတောင်းသည့် ဇာတ်ကြောင်းဖန်တီးမှုဘက်သို့ ပြောင်းလဲလာသည်ကို တွေ့ရှိရသည်။ ၂၀၂၄ ခုနှစ်၊ မတ်လမှစတင်ကာ "မူဆလင်များ၏ အထောက်အပံ့ကိုယူကာ မူဆလင်အကျိုးစီးပွားအတွက် **AA** မှ လုပ်ဆောင်နေသည်"ဟူသော ဇာတ်ကြောင်းမှ "**AA** ၏ ဖိနှိပ်မှုကိုခံရသည့် မူဆလင်များ" ဟူသော ဇာတ်ကြောင်းသို့ ပြောင်းလဲကာ ဦးစားပေးတင်ဆက်လာသည်ကိုတွေ့ရသည်။

၂၀၂၄ ခုနှစ်၊ မတ်လတွင် စစ်အုပ်စုမှ အတင်းအဓမ္မ ဖိအားပေးကာ စစ်မှုထမ်းစေသည့် မူဆလင်လူငယ် (၁၀၀) ခန့် အင်မော်တိုက်ပွဲအတွင်း ကျဆုံးသွားသည့် သတင်းကို စစ်တပ်အားပေးတယ်လီဂရမ်ချန်နယ်မှ ထိုတိုက်ပွဲအတွင်း မူဆလင်များ ကျဆုံးမှုမရှိခဲ့ကြောင်း ငြင်းဆိုခဲ့ပြီး **AA** အနေဖြင့် မူဆလင်များ စစ်တပ်နှင့် ပေါင်းစည်းသွားမည်ကို

ကြောက်နေကြောင်း ရေးသားခဲ့သည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၉ ရက်တွင် ဘူးသီးတောင်၌ ရိုဟင်ဂျာများမှ **AA** အား အလိုမရှိကြောင်း ဆန္ဒထုတ်ဖော်ရန် စစ်ကောင်စီက အဓမ္မစေခိုင်းခဲ့သည့် ဖြစ်စဉ်ကို စစ်တပ်ထောက်ခံသည့် ချန်နယ်များက "ငြိမ်းချမ်းရေးကိုလိုလားသည့် ဘင်္ဂါလီလူမျိုးများက **AA** အကြမ်းဖက်သောင်းကျန်းသူတို့၏ လုပ်ရပ်များအပေါ် ကန့်ကွက်ရှုချခဲ့သည်" ဟူ၍ ပြန်လည်ဝါဒဖြန့်ချိခဲ့သည်။ စစ်ကောင်စီ၏အတင်းအကြပ်စေခိုင်းမှုကြောင့် စစ်တွေမှ မူဆလင်များက **AA** အလိုမရှိကြောင်း ၂၀၂၄ ခုနှစ်၊ မတ်လ ၂၁ ရက်တွင် ဆန္ဒပြသည့် သတင်းကိုလည်း ပြန်လည်ဖော်ပြခဲ့သည်။ **AA** ဆန့်ကျင်ရေးဆန္ဒပြပွဲများတွင် စစ်တပ်က လုံခြုံရေးယူပေးခဲ့သည်။ ထို့အပြင် ရခိုင်ဒေသအတွင်း စစ်အုပ်စု၏ ကျူးလွန်မှုများကြောင့် ရိုဟင်ဂျာများ၏ ထိခိုက်သေဆုံးမှုများ၊ ပျက်စီးဆုံးရှုံးမှုများကို **AA** ၏ ဖိနှိပ်မှုများအဖြစ် ဆက်တိုက်ဖော်ပြလာခဲ့သည်။ တိုက်ပွဲများ ပြန်လည် ပြင်းထန်လာသည့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ အစောပိုင်းကာလများတွင် ထိုသို့ဖော်ပြမှုများရှိသော်လည်း ၂၀၂၄ ခုနှစ်၊ ဧပြီလအရောက်တွင်မူ **AA** ၏ ဖိနှိပ်မှုကိုခံရသည့် မူဆလင်များ ဟူသော ဇာတ်ကြောင်းကို ပိုမိုဇောင်းပေးလာပြီး "ဘင်္ဂါလီတွေကို **genocide** လုပ်နေတဲ့ **AA**"၊ "ဘင်တွေကို ပစ်မှတ်ထားနေတဲ့ **AA**" စသည့် အသုံးအနှုန်းများကို တွင်တွင်ကျယ်ကျယ်အသုံးပြုလာသည်ကို တွေ့ရှိရသည်။

ထို့အပြင် **AA** အား မူးယစ်ဆေးဝါးကုန်သွယ်ရေး လုပ်ဆောင်သည်ဟုလည်း စွပ်စွဲသည်ကို တွေ့ရသည်။ စစ်ကောင်စီ၏ သတင်းမီဒီယာများတွင် **AA** မှ မူးယစ်ဆေးရောင်းဝယ်မှုများတွင်ပါဝင်ပတ်သက်နေသည်ဟု ဖော်ပြခဲ့သည်။ ထို့ပြင် စစ်တပ်အားပေးတယ်လီဂရမ်ချန်နယ်များတွင် "ဘိန်းရာဇာ ထွန်းမြတ်နိုင်" ဟုသုံးနှုန်းခေါ်ဝေါ်သည်ကို တွေ့ရသည်။


Kyaw Swar
ဘူးသီးတောင်တွင် မူဆလင်
၄၀၀ ဦးခန့်အား AA က
အကြောင်းမဲ့သတ်ဖြတ်ခဲ့
Breaking News
အနောက်တံခါး
ဂရုစိုက်ပါ။

# ၄။ ဗမာ၊ ဗုဒ္ဓဘာသာကို အခြေပြုသောဖြစ်စဉ်များ

## ၄.၁။ ရှမ်း(မြောက်)၊ လောက်ကိုင်ဒေသရှိ လူမျိုးရေး၊ ဘာသာရေး ဖြစ်စဉ်များ



## ၂၀၂၄ ခုနှစ်၊ ဇန်နဝါလ ၅ ရက်

MNDAA ယူနီဖောင်း ဝတ်ဆင်ထားသူတဦးက ပွိုင့် ၂၂၀၂ တောင်ကုန်း (ဆင်ဦးကင်းတောင်ကုန်း) ပေါ်မှ စေတီပုထိုးတဆူကို တူဖြင့် ထုနှက်နေသည့် ဗီဒီယိုဖိုင်တခု ထွက်ပေါ်လာခဲ့သည်။

## ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်

"လွတ်လပ်သော ဘာသာရေးကိုးကွယ်ခွင့်ကို လေးစားလိုက်နာပြီး ဘာသာရေးများကို ဆန့်ကျင်ခြင်းနှင့် ဘာသာရေးအဆောက်အအုံများကို ဖျက်ဆီးရန် အမိန့်မပေးခဲ့ကြောင်း၊ အဆိုပါလုပ်ရပ်သည် ပုဂ္ဂလ်ရေး လုပ်ဆောင်ချက်ဖြစ်ပြီး ယင်းတပ်သားကို အရေးယူမှု လုပ်ဆောင်သွားမည်" ဟု MNDAA က ထုတ်ပြန်ခဲ့သည်။

## ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်ဝန်းကျင်

အခြားဒေသသို့ သွားရောက်စစ်ရှောင်နေသူများသည် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။ ကိုးကန့်စကားမပြောနိုင်သူများနှင့် ဗမာလူမျိုးမှတ်ပုံတင်ကိုင်ဆောင်ထားသူများ ဝင်ခွင့်မရသေးကြောင်း၊ ကိုးကန့်စကားပြောတတ်သူများနှင့် အခြားလူမျိုးများကို ပေးဝင်နေပြီဟု မီဒီယာအချို့တွင် ဖော်ပြခဲ့သည် (BBC Burmese, 2024)။ ဗမာ မှတ်ပုံတင်ကိုင်ဆောင်ထားပါက ကိုးကန့်ဒေသခံတဦး ထောက်ခံချက်ပေးမှ နေထိုင်ခွင့်ရသည်ဟူသော သတင်းများနှင့် ပတ်သက်၍ "အရေးပေါ်အခြေအနေဖြစ်တာကြောင့် လိုအပ်တဲ့စစ်ဆေးမှုတွေ လုပ်တာဖြစ်ပြီး နိုင်ငံရေးနောက်ခံ ရှင်းလင်းရင်တော့ ကြိုဆိုတယ်" ဟု MNDAA ၏ ပြောရေးဆိုခွင့်ရှိသူ လီကျားဝင်းက ပြောဆိုခဲ့သည်။



## ၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်

လောက်ကိုင်မြို့အလယ်ရှိ အိမ်ခြေ ၆၀ ကျော်ရှိသော ဒေသအခေါ် ဗမာတန်းကို ၃ ရက်အတွင်း ဖယ်ရှားပေးရန် MNDAA က အကြောင်းကြားခဲ့သည်။ ဗမာတန်းတွင် မြန်မာပြည်မဘက်မှ ရွှေ့ပြောင်းလုပ်သားများပြားကာ ဗမာ၊ ရှမ်း၊ ကချင်နှင့် ကိုးကန့်လူမျိုးများ နေထိုင်ကြသည်။

## ၂၀၂၄ ခုနှစ်၊ မတ်လ ၁၂ ရက်

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ခြင်းဖြစ်ပြီး တစုံတဦးကို ရည်ရယ်လုပ်ဆောင်ခြင်းမဟုတ်ဟု MNDAA ၏ပြောရေးဆိုခွင့်ရှိသူ လီကျားဝင်းက ပြောခဲ့သည်။ သို့သော် ဖြိုချခံရသောအဆောက်အအုံများသည် လမ်းတိုးချဲ့ရန်အတွက် မလွတ်ကင်းခြင်းမရှိဟူသော ပြောဆိုမှုများလည်း ရှိသည်။

## ၂၀၂၄ ခုနှစ်၊ မတ်လ ၁၇ ရက်

MNDAA က ဗမာတန်းကို ဖြိုဖျက်ခဲ့သည်။

## ၄.၂။ စစ်အုပ်စု၏ အသုံးချမှုများ


၁၀၂၇ စစ်ဆင်ရေးနောက်ပိုင်းတွင် **MNDAA** ၏ စစ်ရေးဖော်ဆောင်မှုများကို “မြန်မာလိုမပြော၊ မြန်မာပိုက်ဆံ မသုံးသော လက်နက်ကိုင်တိုက်ခိုက်မှုများ” ဟူ၍ တရုတ်နွယ်ဖွားလူမျိုးခြားများ၏ နယ်ချဲ့ကျူးကျော်မှုအဖြစ် စစ်တပ်အားပေးတယ်လီဂရမ်ချန်နယ်များက ပုံဖော်ခဲ့သည်။ “တရုတ်ဘိုးဘေးမြေပုံအရ မြန်မာကို တိုက်ခိုက်နေခြင်းဖြစ်ပြီး မြန်မာမြေကို လက်မလွှတ်ရရန် မြန်မာများ နိုးကြားသင့်သည်” ဟူ၍ တရုတ်-မြန်မာ လူမျိုးရေးအခြေပြုကာ လှုံ့ဆော်ခဲ့သည်။ ရှမ်းမြောက်စစ်ပွဲများကို တရုတ်နိုင်ငံမှ ပံ့ပိုးကူညီခြင်းမပြုရန် စစ်တပ်ထောက်ခံသော အမျိုးသားရေးအစုအဖွဲ့က ဆန္ဒပြခဲ့ကြသည်။ မြန်မာဘာသာစကား၊ မြန်မာနိုင်ငံတော်အလံ၊ ဗုဒ္ဓဘာသာ စသည့် ဗမာအများစုကြီးစိုးထားသော သင်္ကေတများအပေါ် အခြေခံ၍ လှုံ့ဆော်စည်းရုံးခဲ့သည်။ ဗမာလူမျိုးများကို ဦးတည်ချက်ထားသော ခွဲခြားဆက်ဆံမှုများ၊ ဖိနှိပ်မှုများ လုပ်ဆောင်နေသည်ဟု ဖြန့်ဝေခဲ့ကြသည်။ “ကိုးကန့်တွင် တရုတ်နှင့် အခြားလူမျိုးစုများကိုသာ လက်ခံပြီး ဗမာများကိုလက်မခံ၊ တရုတ်ယွမ်သာ သုံးရန်၊ စာသင်ကျောင်းများတွင် တရုတ်စာသာ သင်ကြားရန် အတင်းအကြပ်စေခိုင်း၍ ဒေသခံများ၏ ယဉ်ကျေးမှုအကျင့်စရိုက်များ ဖျက်ဆီးခံနေရသည်” စသည်ဖြင့် ဗမာနှင့် တရုတ်လူမျိုးခြား၊ "တိုင်းရင်းသားနှင့် တိုင်းရင်းသားစိတ်ဓာတ်မရှိသူ" ဟူသော အကြောင်းအရာများဖြင့် လှုံ့ဆော်ခဲ့သည်။

**MNDAA** ယူနီဖောင်း ဝတ်ဆင်ထားသူတဦးက စေတီပုထိုးတဆူကို တူဖြင့် ထုနှက်နေသည့်ဖြစ်ရပ်ကို အသုံးချကာ လူမျိုးရေး၊ ဘာသာရေး လှုံ့ဆော်မှုများလုပ်ဆောင်ရန် စစ်တပ်ထောက်ခံသော တယ်လီဂရမ်ချန်နယ်များတွင် ထိုဖြစ်ရပ်ကို အလေးပေးဖော်ပြခဲ့သည်။ **MNDAA** အပေါ် ကန့်ကွက်ရှုတ်ချမှုများကိုလည်း ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း အမျိုးသားရေးအစုအဖွဲ့က နိုင်ငံအနှံ့တွင် ဆက်တိုက်လုပ်ဆောင်လာခဲ့သည်။ ပအိုဝ်းဒေသမှ နေမင်းကြီးဆရာတော်၊ ကန့်ဘလူမှ ဦးဝါသဝ ကဲ့သို့ ပြည်သူ့စစ်များကို ဦးဆောင်နေသည့် ဗုဒ္ဓဘာသာဘုန်းကြီးများ၏ လူမျိုးရေး၊ ဘာသာရေး လှုံ့ဆော်သော မိန့်ခွန်းရုပ်သံများကိုလည်း ဖြန့်ဝေကြသည်။ တော်လှန်ရေးအင်အားစုများကို သာသနာဖျက် မိစ္ဆာဒိဋ္ဌိများအဖြစ် ရည်ညွှန်းလျက် "သံဃာ ၂ သိန်းကျော်က စစ်တပ်နှင့် ပူးပေါင်း၍ လက်နက်ကိုင်သင်တန်းတက်ရန် စာရင်းပေးထားသည်” ဟူ၍ ဘာသာရေးကို အခြေပြုကာ လူငယ်များကို စစ်သင်တန်းတက်ရန် လှုံ့ဆော်ခဲ့သည်။ “ကိုးကန့်ဒေသတွင် ဗမာယဉ်ကျေးမှုနှင့် ဘာသာတရားများ အကုန်ဖျောက်ပစ်ရန် ကိုးကန့်ခေါင်းဆောင်မှ အမိန့်ပေးလုပ်ဆောင်ခဲ့သည်” ဟူ၍ ချဲ့ကားဖော်ပြခဲ့သည်။ “ဗမာများ မညီညွတ်သဖြင့် **MNDAA**


၏ လူမျိုးရေး၊ ဘာသာရေး ပြဿနာဖန်တီးခြင်း၊ စော်ကားခြင်းကို ခံနေရသည်၊ နောင်တွင် ဗမာများ နိုင်ငံက နှင်ထုတ်ခံရမည်၊ ရွှေတိဂုံဘုရားလည်း ဖျက်ဆီးခံရမည်” စသည့် ဗမာ၊ ဗုဒ္ဓဘာသာအခြေပြု စည်းရုံးလှုံ့ဆော်မှုများကို တွေ့ရသည်။ စစ်တပ်နှင့် ဗမာလူမျိုးများသည် လူမျိုးစုများကို မုန်းတီးခြင်းမရှိသူများအဖြစ်၊ MNDAA ကို ဗမာ မုန်းတီးရေး၊ ဗုဒ္ဓဘာသာဖျက်ဆီးရေးများကို လုပ်ဆောင်နေသည့် အဖွဲ့အစည်းအဖြစ် ပုံဖော်ရန် ကြိုးပမ်းသည်ကို တွေ့ရသည်။

“လောက်ကိုင်တွင် **MNDAA** မှ ဘုရားစေတီများကို ထုနှက်မှုအပေါ် ပြန်လည်တုံ့ပြန်ခံရမည်ကို ကိုးကန့်လူထုက ကြောက်ရွံ့ပြီး **MNDAA** ကို ဒေါသထွက်နေကြသည်၊ မန္တလေး၊ မိုးကုတ်၊ ပြင်ဦးလွင်ရှိ ကိုးကန့်များက ကန့်ကွက်ရှုတ်ချကြသည်” ဟု ဖော်ပြခဲ့ပြီး ရှုတ်ချမှုပြုလုပ်ခြင်းမရှိသည့် အခြားမြို့များမှ ကိုးကန့်များကို ဗုဒ္ဓဘာသာကို စော်ကားသော လုပ်ရပ်အား ထောက်ခံသူများဟု စွပ်စွဲပြစ်တင်ခဲ့သည်။ ဗမာနယ်မြေများတွင် နေထိုင်ကြသော ကိုးကန့်များကို မောင်းထုတ်ရန်၊ သတ်ဖြတ်ရန် လှုံ့ဆော်သော အရေးအသားကိုလည်း ဖြန့်ဝေခဲ့သည်။ “လောက်ကိုင်ရှိ ဗမာတန်းကို **MNDAA** က ဖျက်ဆီးမှုအပေါ် မကျေနပ်သောဗမာများက မန္တလေး၊ မိုးကုတ်၊ ရန်ကုန်တွင် နေထိုင်ကြသော ကိုးကန့်များကို တန်ပြန်ဆောင်ရွက်သွားမည်” ဟူ၍ လူမျိုးရေးအခြေပြု လှုံ့ဆော်ရေးသားခဲ့သည်။

လူမျိုးစုတော်လှန်ရေးအဖွဲ့များကို လူမျိုးစုအရေးနှင့် ကိုယ်ကျိုးစီးပွားကိုသာ ရှေ့တန်းတင်သော လက်နက်ကိုင်သူပုန်များအဖြစ် နှိမ့်ချဖော်ပြကာ "လူမျိုးစုအာဏာရှင်များ အတွက် ဗမာ **PDF** များ အသုံးချခံနေရသည်၊ ဗမာ-ဗမာချင်း ပြန်လည်တိုက်ခိုက်နေရသည်” စသည့် ဗမာနှင့် အခြားလူမျိုးစုများဟူသော ဇာတ်ကြောင်းပုံဖော်မှုကို လုပ်ဆောင်ခဲ့သည်။ သမိုင်းတလျှောက် လူမျိုးစုများအပေါ် ဖိနှိပ်မှုများ လုပ်ဆောင်ခဲ့သော စစ်တပ်ကိုမူ ပြည်ထောင်စုကို ကာကွယ်သော နိုင်ငံ့တပ်မတော်၊ လူမျိုးအားလုံးကို တန်းတူအုပ်ချုပ်သည့် အဖွဲ့အစည်းအဖြစ် ပုံဖော်ဝါဒဖြန့်ခဲ့သည်။ နယ်မြေစွန့်လွှတ်ရခြင်းသည် စစ်တပ်တခုတည်း၏ ဆုံးရှုံးမှုမဟုတ်ဘဲ ပြည်ထောင်စုသားအားလုံး၏ ဆုံးရှုံးမှု၊ အချုပ်အခြာအာဏာခြိမ်းခြောက်ခံရမှုအဖြစ် စစ်တပ်၏ ရှိရင်းစွဲအယူဝါဒကို ဖြန့်ဝေရန် ကြိုးပမ်းခဲ့သည်။


Kyaw Swar
Ko Thet
00:32
一个都不能少
这个形状才是你最完美的样子
你们心中最美的样子是什么样的
https://t.me/kyawswar49111
740 comments
RFA Burmese
MNDAA
Telegram
Kyaw Swar
Kyaw Swar49111@@@
VIEW CHANNEL
200 comments
103 comments
136 comments
841 comm

## ၄.၃။ ရခိုင်၊ ကျောက်တော်ဒေသရှိ ရခိုင်–ဗမာ လူမျိုးရေး





## ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်၊ ၈ ရက်

စစ်ကောင်စီတပ်နှင့် AA တို့ ကျောက်တော်မြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွားရာ စကခ-၉နှင့် ခမရ-၃၇၅ တို့မှ စစ်ကောင်စီတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသည် စစ်ရေယာဉ် ၃ စီးဖြင့် ကုလားတန်မြစ်အတိုင်း ထွက်ပြေးကြသည်။ ထိုရေယာဉ် ၃ စီးသည် AA ၏ တိုက်ခိုက်မှုကြောင့် နစ်မြုပ်ခဲ့ရသည်။ AA က ရေယာဉ်များပေါ်တွင် ပါလာသူများကို ကယ်ဆယ်ရန်ကြိုးစားသော်လည်း စစ်ကောင်စီတပ်၏တိုက်ခိုက်မှုကြောင့် အားလုံးကို ကယ်တင်နိုင်ခဲ့ခြင်းမရှိဘဲ AA တပ်သားတဦးပါ အသက်ဆုံးရှုံးခဲ့ရသည် (People’s Spring, 2024)။

## ၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်

စစ်ရေယာဉ်နစ်မြုပ်စဉ်က ဒုက္ခရောက်ကြသည့် စစ်ကောင်စီမိသားစုဝင်များကို ကယ်တင်၍ ကောင်းမွန်စွာစောင့်ရှောက်ထားကြောင်း AA က ဓာတ်ပုံများဖြင့် ဖော်ပြခဲ့သည်
(DVB Burmese, 2024a)။

## ၄.၄။ စစ်အုပ်စု၏ အသုံးချမှုများ

ဤအဖြစ်အပျက်ကို စစ်ကောင်စီတပ်နှင့် AA၊ စစ်အာဏာရှင်နှင့် တော်လှန်ရေးအဖွဲ့တဖွဲ့ကြား တိုက်ပွဲဟူသောအမြင်ကို ကျော်လွန်၍ ဗမာလူမျိုးနှင့် ရခိုင်လူမျိုးကြား လူမျိုးရေးမုန်းတီးမှုနှင့် ပဋိပက္ခအဖြစ် စစ်တပ်အားပေးတယ်လီဂရမ်ချန်နယ်များတွင် ပုံဖော်လာသည်ကို တွေ့ရသည်။ ထို့အပြင် စစ်ကောင်စီမိသားစုဝင်များအား AA က ကယ်တင်ထားသည့်အဖြစ်ကို ဖုံးကွယ်ထားပြီး လူမျိုးရေးပဋိပက္ခ ပိုမိုပြင်းထန်စေရန် လှုံ့ဆော်သည့်အနေဖြင့် AA သည် ဗမာလူမျိုးများအား အစုလိုက်အပြုံလိုက်သတ်ဖြတ်သည်ဟု ဇာတ်ကြောင်းဖန်တီးခဲ့သည်ကို တွေ့ရသည်။ "ရခိုင်လူမျိုးများက ဗမာလူမျိုးများကို လူမျိုးရေးမုန်းတီးစိတ်ဖြင့် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည်" ဟူသော ဇာတ်ကြောင်းကို တွင်တွင်ကျယ်ကျယ် အသုံးပြုကာ ရခိုင်လူမျိုးများအပေါ် လူမျိုးရေးမုန်းတီးမှုဖြစ်စေရန် ဖန်တီးခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် တောင်ပိုင်းရခိုင်နှင့် မြောက်ပိုင်းရခိုင် ဟူ၍ ခွဲခြားသုံးနှုန်းကာ ရခိုင်လူမျိုးများကြား သွေးခွဲရန်ကြိုးပမ်းခဲ့သည်။ စစ်တပ်ထောက်ခံသူ ဘုန်းလက်လှဆွေကလည်း ရခိုင်မုန့်တီမစားချင်၊ ရခိုင်လူမျိုးများဆို မမြင်ချင်တော့သည်အထိ ရခိုင်ဆိုလျှင် မုန်းသွားကြောင်းပြောဆိုကာ လူမျိုးရေးပဋိပက္ခအသွင် မီးမွှေးခဲ့သည်ကို တွေ့ရသည်။ ရန်ကုန်၊ မန္တလေးမြို့များတွင် ရခိုင်လူမျိုးများ ထိခိုက်နစ်နာစေရန် လှုံ့ဆော်သည့်စာများ လိုက်လံကပ်ခဲ့ကြပြီး စစ်တပ်အားပေးတယ်လီဂရမ်ချန်နယ်များတွင် ပြန်လည်ဖြန့်ဝေခဲ့သည်။ ထို့အပြင် ရခိုင်-ရိုဟင်ဂျာပဋိပက္ခဖြစ်စဉ်၊ မိုခါမုန်တိုင်းဖြစ်စဉ်များတွင် ရခိုင်ဒေသနှင့် ရခိုင်လူမျိုးများအား ကူညီကယ်တင်ခဲ့သည့် ကျေးဇူးရှိသူအဖြစ် စစ်တပ်ကို အမွှမ်းတင်ကာ ရခိုင်နှင့် AA ကို ကျေးဇူးမသိတတ်သူများအဖြစ် ပုံဖော်ခဲ့သည်။


Kyaw Swar
Forwarded from
https://t.me/kyawswar49111
38 comments
95 comments
328 comments
60 comments
148 comments
#KyawSoeOo #PeopleMedia
65.7K edited 6:38 PM
69.3K edited 11:01 AM
44.5K 2:47 PM

# ၅။ နိဂုံး

မြန်မာနိုင်ငံသည် လူမျိုးရေးဘာသာရေး ပဋိပက္ခများကို နှစ်ပေါင်းများစွာကြုံတွေ့ခဲ့ရပြီး စစ်အုပ်စုအနေဖြင့် ၎င်းတို့၏ အကျိုးစီးပွားနှင့် အာဏာချုပ်ကိုင်ရေးအတွက် လူမျိုးရေး ဘာသာရေးကို အသုံးချရန် အစဉ်အမြဲကြိုးပမ်းလျက်ရှိပါသည်။ နွေဦးတော်လှန်ရေး အင်အားစုများ အနေဖြင့် အဖွဲ့အစည်းများမှဦးဆောင်ကျူးလွန်သော လူမျိုးရေးဖိနှိပ်မှု များ မရှိစေရေး၊ လူမျိုးရေးမုန်းတီးမှုများ လျော့နည်းစေရေးနှင့် လူမျိုးရေးပဋိပက္ခများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကြိုတင်တားဆီးနိုင်ရေးတို့အတွက် ခိုင်မာသော မူဝါဒများ၊ တိကျသော ဦးဆောင်လမ်းညွှန်မှုများ လုပ်ဆောင်သင့်ပါသည်။ ထိုသို့ ဆောင်ရွက်သည့်တိုင် လူမျိုးစုတခု သို့မဟုတ် အဖွဲ့အစည်းတခုမှ တဦးတယောက်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများလည်း ပေါ်ပေါက်နိုင်ပါသည်။ ထိုသို့ပေါ်ပေါက်လာပါက လွတ်လပ်သော စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နိုင်ရေး၊ အမှန်တကယ်ကျူးလွန်မှုများ ရှိပါက အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပူးပေါင်း ပါဝင်ရန် လိုအပ်ပါသည်။ သို့သော် တဦးတယောက်ချင်းစီ၏ ကျူးလွန်မှုကို လူမျိုးစု တခုလုံးအား ကိုယ်စားပြုသကဲ့သို့ သတ်မှတ်တံဆိပ်ကပ်ခြင်းသည် ပဋိပက္ခများသို့သာ ဦးတည်စေနိုင်သည်ကိုလည်း သတိပြုသင့်ပါသည်။ ထို့အတူ စစ်အုပ်စု၏ အတင်းအကြပ် စေခိုင်းမှုကြောင့်ဖြစ်၊ ၎င်းတို့ကိုယ်တိုင်၏ သဘောဆန္ဒအလျောက်ဖြစ်စေ အချို့က စစ် အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကိုလည်း လူမျိုးစုတခုလုံးအား ကိုယ်စားပြုသကဲ့သို့ သတ်မှတ်၍ မရနိုင်ပါ။

တော်လှန်ရေးဦးဆောင်အဖွဲ့အစည်းများ၏ ထိပ်တန်းတာဝန်ရှိသူများအနေဖြင့်လည်း လူမှုကွန်ယက်တွင် ကိုယ်ပိုင်သဘောထားမှတ်ချက်များပေးခြင်းသည် မြေပြင်တွင် လှုပ်ရှားအကောင်အထည်ဖော်နေသူ တဦးချင်းစီအတွက် လမ်းညွှန်အမိန့် (Rule of Engagement) သဖွယ် သက်ရောက်မှုမျိုးရှိနိုင်သည်ကို သတိပြုသင့်ပါသည်။ သို့ဖြစ်၍ ထိုသို့တဦးချင်းသဘောထားများဖော်ပြခြင်းထက် အဖွဲ့အစည်းအတွင်း ဆွေးနွေးညှိနှိုင်း မှုများလုပ်ဆောင်ပြီးမှသာ မူဝါဒနှင့်အညီ တုံ့ပြန်သင့်ပါသည်။

စစ်အုပ်စုသည် ၎င်းတို့၏ ထိန်းချုပ်နယ်မြေများဆုံးရှုံးလာသည်နှင့်အမျှ တော်လှန်ရေး၏ လုပ်ဆောင်ချက်များကို နှိမ့်ချဖော်ပြကာ စစ်တပ်၏ အခန်းကဏ္ဍကို မြှင့်တင်လိုသော ဝါဒဖြန့်ပုံဖော်မှုများကို လုပ်ဆောင်လျက်ရှိသည်။ စစ်တပ်ထောက်ခံသော တယ်လီဂရမ်

ချန်နယ်များမှ လူမျိုးစုများကြား ပွတ်တိုက်မှုများကို အသုံးချ၍ လူမျိုးရေးဘာသာရေး ပဋိပက္ခများ ပိုမိုကြီးမားကျယ်ပြန့်စေရန် လှုံ့ဆော်နေသည်ကို တွေ့ရသည်။ အမှန်တကယ်တွင် ဗမာနှင့် အခြားလူမျိုးစုများကြားတွင်သာမက နိုင်ငံအနှံ့ရှိ လူမျိုးစုအသီးသီးကြားတွင် သဘောထားကွဲလွဲမှုများ၊ ပွတ်တိုက်မှုများ၊ မကျေလည်မှုများ ရှိပါသည်။ ထိုပြဿနာများသည် သက်ဆိုင်သူအားလုံးပါဝင်သည့် ပွင့်လင်းမြင်သာမှုရှိသော ဆွေးနွေးညှိနှိုင်းမှုများ အကြိမ်ကြိမ်လုပ်ဆောင်ခြင်းဖြင့် အချိန်ယူကာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သည်။ လှုံ့ဆော်ရေးသားမှုများသည် ပြဿနာများကို ပြေလည်စေရန် အထောက်အကူမပေးနိုင်ရုံသာမက လူမျိုးစုများအကြား အမုန်းတရားများပိုမိုကြီးမားစေပြီး ပဋိပက္ခများကိုသာ ကျယ်ပြန့်စေမည်ဖြစ်သည်။ ထို့အပြင် လူမျိုးစုများအကြား ပွတ်တိုက်မှုများတည်ရှိနေခြင်းကို အသုံးချကာ စစ်တပ်၏ ဗဟိုချုပ်ကိုင်မှုတည်ရှိမှသာ နယ်မြေတည်ငြိမ်ပြီး ပဋိပက္ခများလျော့ပါးမည်ဟု ကောက်ချက်ဆွဲ၍ မရနိုင်ပါ။

မြန်မာနိုင်ငံတွင် လူမျိုးစုတခုတည်း သီးသန့်နေထိုင်သော ဒေသမှာ မရှိသလောက်နည်းပါးပြီး လူမျိုးစုများရောနှောနေထိုင်မှုကို တော်လှန်ရေးကို ဦးဆောင်နေသည့် အစုအဖွဲ့အသီးသီးအနေဖြင့် သတိပြုရန်လိုအပ်ပါသည်။ ထိုသို့ ရောပြွမ်းနေထိုင်လျက်ရှိသည့် စုံလင်ကွဲပြားသော လူမျိုးစုများ၊ ယုံကြည်ကိုးကွယ်သူများကြားတွင် သဘောထားကွဲလွဲမှုများရှိသည်ကို မျက်ကွယ်ပြု၍ မရနိုင်ပါ။ ထိုကွဲလွဲမှုများကို ဖြေရှင်းရာတွင် သက်ဆိုင်ရာ လူမျိုးစုတခုချင်းစီမှ တဦးချင်းဖြစ်စေ၊ အစုအဖွဲ့ဖြစ်စေ မိမိတို့၏ ယုံကြည်ချက်၊ လိုအပ်ချက်များ၊ မူဝါဒများကို လွတ်လပ်စွာ ဖော်ထုတ်ခွင့်ရရှိရန် လိုအပ်ပါသည်။ အားလုံးပါဝင်နိုင်သော ပွင့်လင်းမြင်သာသည့် တွေ့ဆုံဆွေးနွေးအဖြေရှာမှုများ ပိုမိုအားကောင်းလာစေရေးအတွက် သက်ဆိုင်ရာလူမျိုးစုများနှင့် တော်လှန်ရေးအဖွဲ့များမှ ကြိုးပမ်းသင့်ပါသည်။

တော်လှန်ရေးအဖွဲ့အစည်းများအနေဖြင့် တော်လှန်ရေး၏ စံနှုန်းများ သွေဖယ်မှုမရှိစေရေးအတွက် အစဉ်အမြဲသတိပြုထိန်းကြောင်းရန် လိုအပ်ပါသည်။ ကွဲပြားသော အဖွဲ့အစည်းများနှင့် လူမျိုးစုများကြား လွတ်လပ်စွာဖော်ထုတ်ခွင့်၊ ပွင့်လင်းမြင်သာသော ညှိနှိုင်းဆောင်ရွက်မှုများဖြင့် တော်လှန်ရေး၏ ပန်းတိုင်ဖြစ်သော လူမျိုးဘာသာပေါင်းစုံ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးကို ရှေးရှုဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

# ရည်ညွှန်းအကိုးအကား

BBC Burmese. (2023, November 8). *SSPP ရဲ့ တိုက်နယ်မှူးကိုလွှတ်ပေးလိုက်တယ်လို့ TNLA ပြော.* BBC News မြန်မာ. https://www.bbc.com/burmese/articles/c3g2ny1pwelo

BBC Burmese. (2024, January 16). *လောက်ကိုင်ကိုပြန်ချင်သူတွေ.* BBC News မြန်မာ. https://www.bbc.com/burmese/articles/c3gy467lzpko

DVB Burmese. (2024a, March 4). *ဖမ်းမိထားသည့် တပ်မိသားစုနှင့် ကလေးများအပါအဝင် စစ်သုံ့ပန်းပုံများ အေအေ ထုတ်ပြန်.* DVB TV News. https://www.facebook.com/100064451569209/posts/803253718499673

DVB Burmese. (2024b, April 29). *အပြင်းပွားမှုနှင့် တင်းမာမှုရှိသော်လည်း ရှမ်းမြောက်အဖွဲ့များအကြား ပြေလည်မှုရ.* https://burmese.dvb.no/post/650194

Kachin News Group. (2024, April 19). *ကွတ်ခိုင်မြို့မှာ KIA အနေနဲ့ ရုံးဖွင့်အခြေချလိုပါက ခွင့်တောင်းရမယ်လို့ဆို.* Kachin News Group (KNG). https://burmese.kachinnews.com/2024/04/19/ld1-137/?fbclid=IwZXh0bgNhZW0CMTAAAR1KN-Y8fycwXGhU4Wl6-Dt2TqnGx7cuwNVl3RFpF5nOKZhO1qZi2dbIuwk_aem_obGpM4zxtnWlr_SaHdnZkA

Khonumthung Burmese. (2024a, February 25). *မရာဒေသက ချင်းတော်လှန်ရေးအချင်းချင်းကြား တိုက်ပွဲတွင် CNA နှင့် ချင်းပူးပေါင်းတပ်မှ ၄ ဦး ကျဆုံး.* https://www.facebook.com/KhonumthungBurmese/posts/pfbid02S2gzG8tcvNze5gNLQVAwqdEFSE5nNEwQZwt43fARhKtsB Q1tQuXsr2pzFv1DzSrel

Khonumthung Burmese. (2024b, March 4). *ပလက်ဝမြို့နယ်မှာ အားလုံးပါဝင်သည့် အုပ်ချုပ်ရေးအစီအစဉ်များ ဖော်ဆောင်သွားမည်ဟု AA ပြော၊ ပလက်ဝဒေသကို ပလက်ဝမှာ နေထိုင်သူများက ပိုင်ဆိုင်ဟုဆို.* https://www.facebook.com/

KhonumthungBurmese/posts/pfbid033UTgjvP6iCNVkQMC1Y28uzmXBeEbW2RpeQ61m3arLmodpLeHXJei24QEJGvP8ZA2l

Khonumthung Burmese. (2024c, March 4). *မရာဒေသက ချင်းတော်လှန်ရေးတပ်ဖွဲ့ အချင်းချင်းကြားတိုက်ပွဲတွင် ပါဝင်ပတ်သက်ခြင်းမရှိကြောင်း AA ပြော.* https://www.facebook.com/KhonumthungBurmese/posts/pfbid02KQhxtKbvwDFcpCg2fSiswPkek_eBSf1mATCge2nGUSEVKXxL9P6t5_pz6CYhN12qhQl

Khonumthung Burmese. (2024d, March 11). *ULA/AA က ပလက်ဝမှာ အုပ်ချုပ်ရေးအစီအစဉ်များ ဖော်ဆောင်နေမှု မှန်ကန်သော လမ်းကြောင်းမဟုတ်ကြောင်း ချင်းပြည်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ပြော.* https://www.facebook.com/KhonumthungBurmese/posts/pfbid0usFdgN9mXo2oqFmQmDpEiGM_MTbwf7Qk45qCGDfnrh27z1GVB62Le4ZGg22L6jP4pl

Khonumthung Burmese. (2024e, April 10). *ရခိုင်နှင့် ချင်းလူထုတို့ကို အပြန်အလှန်စောင့်ရှောက်ကူညီရေး AA နှင့် လက်တွဲမည်ဟု ချင်းညီနောင်အဖွဲ့ဆို.* https://www.facebook.com/KhonumthungBurmese/posts/pfbid02wVVya3b7HGR6t1t3JR3iKGHWTUwH5hTTfHKTM8ons6jHc7wwg_Kx2vxKZXSjcDUAFl

Khonumthung Burmese. (2024f, May 10). *ပလက်ဝမြို့နယ်တွင် AA က စစ်မှုထမ်းဆောင်ရန် စာရင်းကောက်ယူမှုရှိလာသောကြောင့် ချင်းလူငယ်၊ လူလတ်ပိုင်းများ ပလက်ဝကိုစွန့်ခွါသူများလာ.* https://www.facebook.com/KhonumthungBurmese/posts/pfbid02H18sfK3xUnDBSJXR1hsbn5Es_7pRjBkAPYKaTSaqaVb5aFNT184G1yi16wGmcAtBHl

Khonumthung Burmese. (2024g, May 20). ပလက်ဝမြို့နယ်က ကျောင်းဆရာ ၂ ဦးအပါအဝင် ဒေသခံအမျိုးသား ၉ ဦးကို AA ဖမ်းဆီး. https://www.facebook.com/KhonumthungBurmese/posts/pfbid02kibnbcdnzNuq_2CmQ4rfJfeYdTGoNVc51CNBhdWHtvx8XMFfzxyzDGSaaa69rqAZal

Khonumthung Burmese. (2024h, June 8). *ပလက်ဝမြို့နယ်မှာ ဒေသခံများကို အတင်းအဓမ္မ စစ်သားစုဆောင်းမှု မပြုလုပ်ကြောင်း ULA/ AA တာဝန်ရှိသူပြော.* https://www.facebook.com/KhonumthungBurmese/posts/pfbid02C42JGVrTo2ehGatPByewFw8GUoa3XvgS2SG2Xh8Mreg7awp1nhhTb5Zbf97h9CWQl

Khwan Murng, S. (2024, March 27). *သိန္နီမြို့နယ် SSPP/SSA နှင့် MNDAA တို့ အချင်းချင်း စတင်ပစ်ခတ်မှု ဖြစ်ပွား. သျှမ်းသံတော်ဆင့်.* https://burmese.shannews.org/archives/40862

People’s Spring. (2024, February 11). *စစ်သင်္ဘော ၃စီး မနစ်မြုပ်မီ လက်နက်ချရန် နာရီဝက် အချိန်ပေးခဲ့သော်လည်း ခုခံတိုက်ခိုက်ခဲ့၍ သင်္ဘော၌ပါလာသူများ သေဆုံးဟု AA ထုတ်ပြန်.* https://www.facebook.com/100065664033865/posts/727948052737323

Shwe Phee Myay. (2024, April 30). *ကွတ်ခိုင်မှာ TNLA နဲ့ MNDAA ပြေလည်မှုရ. Shwe Phee Myay News Agency.* https://www.facebook.com/shwepheemyaynews/posts/-%E1%80%80%E1%80%BD%E1%80%90%E1%80%BA%E1%80%81%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%99%E1%80%BE%E1%80%AC-tnla-%E1%80%94%E1%80%B2%E1%80%B7-mndaa-%E1%80%95%E1%80%BC%E1 %80%B1%E1%80%9C%E1%80%8A%E1%80%BA%EE1%80%99% E1%80%BE%E1%80%AF%E1%80%9Bhttpstmespmnews_agency2019%E1%80%99%E1%80%AD%E1%80%AF%E1%80%84%E1% 80%BA%E1%80%B8%E1%80%9B%E1%80% B0%E1%80%95-%E1%80%A7%E1%80%95%E1%80%BC%E1%80%AE-%E1%81%83/76299190 9341409/

The 74 Media. (2024, May 17). *ရှမ်းမြောက်တွင် KIA တပ်စခန်းတစ်ခုကို မဟာမိတ် MNDAA တပ်က မီးရှို့ဖျက်ဆီး.* https://www.facebook.com/The74Media/posts/pfbid02i7zo6j1yjGJX4eSgM6YQZ1biHVZDnBUpj8U8gY99KfFNRSC8QPdTwtBuracDV5TAl

The Irrawaddy. (2024a, February 7). *ကွတ်ခိုင်တွင် ကချင်အမျိုးသားအလံကို TNLA တပ်ဖွဲ့ဝင်အချို့ ဖြုတ်ချဟုဆို. The Irrawaddy - Burmese Edition.* https://www.facebook.com/100064895881172/posts/793118889527967

The Irrawaddy. (2024b, April 25). *ကွတ်ခိုင်ရှိ KIA နှင့် TNLA တပ်များအကြား တင်းမာမှု ညှိနှိုင်းအဖြေရှာမည် ဟုဆို.* https://burma.irrawaddy.com/news/2024/04/25/382753.html

VOA Burmese. (2024a, April 15). *ကွတ်ခိုင်အခြေစိုက် KIA ဆက်ဆံရေးရှုံးပိတ်ဖို့ TNLA တောင်းဆို.* https://burmese.voanews.com/a/kia-tnla-shan/7570303.html

VOA Burmese. (2024b, June 2). *TNLA နဲ့ SSPP အကြား အငြင်းပွါးနေတဲ့ နမ့်ခမ်းမြို့အုပ်ချုပ်ရေး. VOA Burmese.* https://burmese.voanews.com/a/7639034.html

Zalen. (2024a, April 17). *ပလက်ဝမြို့နယ်မှာ AA ထောက်ခံစာပါမှ ခရီးထွက်ခွင့်ရ၊ ထောက်ခံစာ ၁၀၀၀ ကျပ်အထိ ပေးရ.* https://www.facebook.com/zalen.info/posts/pfbid02nXDutY2nXXtx5oZfwBZQgPhMLM32bUYfhawAvxf7yckLT6cXdw8NyWxx5aJq3yUsl

Zalen. (2024b, May 2). *ပလက်ဝမြို့နယ်မှာ ဘင်္ဂလားဒေ့ရှ်မှ ပြည်သူတွေ လာရောက်နေထိုင်ဖို့ ဒေသခံတွေကို AA က ပြင်ဆင်ဆောင်ရွက်ခိုင်း.* https://www.facebook.com/zalen.info/posts/pfbid034tUfE8Bqv2BCH2LwNxp3at3tXKkCR1fg2rFe icEiKmvZB6T1QXF2Kgfu94zLdeTDl

လူမျိုးရေးပဋိပက္ခများ -

စစ်အာဏာတည်မြဲရေးအတွက်

မောင်းနှင်အားတရပ်

NLTA

NYAN LYNN THIT ANALYTICA